## ၁၇။ အနီရောင်အစင်းကြားပါလေးပိုး/သရစ်ပိုး

**Red Banded Thrips: *Selenothrips rubrocinctus* (Giard, 1901)**

**Thysanoptera: Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ကြီးအဆင့်သည် အလျား (၁.၀ - ၁.၄) မီလီမီတာ ခန့်ရှိကာ အညိုရင့်ရောင် မှ အနက်ရောင်ရှိပြီး အကောင်ငယ်များသည် လိမ္မော်ရောင်/ အဝါရောင် ဖျော့ဖျော့ရှိကာ ဝမ်းဗိုက်၏ အစိတ်အပိုင်းအချို့တွင် တောက်ပသောအနီရောင်အစင်းကြားများ ပါရှိသည်။ အကောင်ငယ်ဘဝတွင် အဆင့် (၂) ဆင့်ရှိပြီး အပြည့်အဝကြီးထွားလျှက်ရှိသည့် ဒုတိယအဆင့် အကောင်ငယ်သည် (၁.၃) မီလီမီတာခန့်ရှည်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**





အပွင့်၏ အရည်များကို စုပ်ယူစားသုံးခြင်းကြောင့် အပွင့်များ ညှိုးခြောက်ပြီး နောက်ကြွေကျစေပါသည်။ အရွက်နု/ရင့်များ၏ အောက်မျက်နှာပြင်နှင့် ကြီးထွားဆဲ အသီးများ၏ မျက်နှာပြင်များကို ထိုးဖောက်ခြစ်၍ အရည်များကို စုပ်ယူစားသုံးသည့်အတွက် ဆိုးရွားစွာ ကျရောက်ပါက အရွက်များတွင် အညိုရောင် နေလောင်ကွက်များကဲ့သို့ ဖြစ်ပေါ်

စေပြီး အသီးမျက်နှာပြင်ပေါ်တွင် ငွေရောင်/အညိုရောင် အမာရွတ်များ ဖြစ်ပေါ်စေကာ ဈေးကွက်မဝင် သောအသီးများ ဖြစ်စေပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | –(၄)ရက် |
| ပိုးမမည် အဆင့် | – (၈–၉) ရက် |
| ရုပ်ဖုံး အဆင့် | – (၃–၅) ရက် |
| အကောင်ကြီး အဆင့် | – (၄ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)လေဝင်လေထွက်ကောင်းစေရန်နှင့် အလင်းရောင်ကောင်းစွာ ရရှိစေခြင်းဖြင့် ပိုးကျရောက်မှုနည်းစေရန် ကိုင်းကျပ်၊ ကိုင်းညှပ်များ ခုတ်ထွင် ရှင်းလင်းပါ။

(၂)လေး/သရစ်ပိုးကျရောက်မှုကို အပြာရောင်ပိုးဖမ်းထောင်ချောက်တင်ဆင်ဖမ်းယူပါ။

(၃)အပွင့်၊ အရွက်များကို စက္ကူအဖြူရောင်ပေါ်တွင် လှုပ်ခါ၍လည်းကောင်း၊ ပိုး ကျ ရောက်မှုကို စဉ်ဆက်မပြတ် ကင်းထောက်ပါ။

(၄) ပင်စိမ်းပင်များကို စိုက်ခင်းပတ်လည်တွင် စိုက်ပေးပါ။

(၅)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်သင့်ပါ။

(၆)လေးပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၇)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ် (Imidacloprid 600FS /Imidacloprid 70SS)ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၈)ထိသေ၊စားသေ(သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့်

မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- ကလိုဖီနာပြာ (Chlorfenapyr)